Message Three

အသက်၏ကျုံ့စပါး၊ ကောင်းသောမျိုးစေ့၊

မြေကြီး၏ဆား၊ လောက၏အလင်းနှင့် လူကိုမျှားသော တံငါသည်များ

ဖတ်ရန်ကျမ်း။ ။ မဝဲ၁၂။ ၁၃း၃၈။ ၅း၁၃-၁၆။ ၄း၁၆-၂၀

I. ယုံကြည်သူများသည် အသက်၏ကျုံ့စပါးအားဖြင့် ပုံဆောင်သည်၊ ယင်းမှာ သခင်ဘုရား၏ စပါးကျီအထဲသို့ စုသွင်းမည့်အရာ ဖြစ်သည် - မဝဲ၁၁-၁၂။ ၁၃း၂၄-၃၀၊ ၃၈-၄၂။

A. ကျုံ့စပါးအဖြစ် ယုံကြည်သူများ၌ သူတို့အတွင်းမှာ ဘုရားဆိုင်ရာအသက်ရှိသည်။ အသက်သည် လူက မွေ့လျော်ဝမ်းမြောက်ရသော ဘုရားသခင်ကိုယ်တော်တိုင်ဖြစ်သည် - ဆာ၊၃၆း၇-၉။ ယော၊၁၀း၄။ ၁၀း၁၀။ ၁၄း၆။ ၆း၆၃။

B. ခရစ်တော်၏အသက်ကို ကျွန်ုပ်တို့၌ အတားအဆီးမရှိ ဖြစ်စေလိုလျှင် ကျွန်ုပ်တို့သည် ကားတိုင်၏ ချိုးဖဲ့ခြင်း၊ အရာအားလုံး ပါဝင်သော ဝိညာဉ်တော်၌ ခရစ်တော်၏ သေစေသော အသေခံခြင်းကို တွေ့ကြုံခံစားရမည်၊ သို့မှသာ ကျွန်ုပ်တို့အတွင်းရှိ အောက်ဖော်ပြပါ အတားအဆီးများသည် ဖြေရှင်းခြင်းနှင့် ဖယ်ရှားခြင်း ခံရနိုင်မည်ဖြစ်သည်။

1. ခရစ်ယာန်တစ်ဦးဖြစ်ခြင်းမှာ ကျွန်ုပ်တို့၌ အသက်ရှင်သော ခရစ်တော်ကို ဂရုစိုက်ခြင်းနှင့် ခရစ်တော်ထက် အခြားမည်သည့်အရာကိုမျှ ကျွန်ုပ်တို့၏ရည်မှန်းချက်အဖြစ် မယူဆောင်ခြင်း ဖြစ်သည်။ ဤအရာအဖို့ အတားအဆီးမှာ အသက်၏လမ်းကို မသိရှိခြင်းနှင့် ခရစ်တော်ကို ကျွန်ုပ်တို့၏အသက်အဖြစ် မယူဆောင်ခြင်း ဖြစ်သည် - မ၊၇း၁၃-၁၄။ ဖိ၊ ၃း၈-၁၄။ ကော၊၃း၄။ ရော၊၈း၂၈-၂၉။
2. ဒုတိယအတားအဆီးမှာ ဟန်ဆောင်လျှို့ဝှက်ခြင်း ဖြစ်သည်။ လူတစ်ဦး၏ ဝိညာဉ်ရေးရာရှိခြင်းသည် အပြင်ပိုင်းသွင်ပြင်အားဖြင့် ဆုံးဖြတ်ခြင်းမဟုတ်ဘဲ၊ ခရစ်တော်ကို သူမည်မျှ ဂရုစိုက်ခြင်းအားဖြင့် ဆုံးဖြတ်သည် - မ၊၆း၁-၆။ ၁၅း၇-၈။ ယော၊၅း၄၄။ ၁၂း၄၂-၄၃။ ညွှန်း၊ ယောရှု၊၇း၂၁။
3. တတိယအတားအဆီးမှာ ပုန်ကန်ခြင်းဖြစ်သည်။ ကျွန်ုပ်တို့သည် အရာများကို လုပ်ဆောင်ခြင်း၌ အလွန် တက်ကြွကာ စိတ်အားထက်သန်ကြပေမည်၊ သို့သော် ကျွန်ုပ်တို့အတွင်း အသက်ရှင်နေသော ခရစ်တော်ကို ငြင်းပယ်ခြင်းအားဖြင့် ကိုယ်တော်ကို အကျဉ်းချထားခြင်းနှင့် နာခံမှုမရှိခြင်း ဖြစ်နေနိုင်ပါသည် - ဝတ်၊၁၄း၉၊ ၁၄-၁၈။ ၁၁း၁-၂၊ ၄၆-၄၇။ ရော၊ ၁၆း၁၇။ ၁ကော၊၁၅း၃၃။
4. စတုတ္ထအတားအဆီးမှာ ကျွန်ုပ်တို့၏ ဇာတိဆိုင်ရာ စွမ်းဆောင်ရည်များဖြစ်သည်။ ဤဇာတိဆိုင်ရာ စွမ်းဆောင်ရည်များသည် ကျွန်ုပ်တို့၌ မကျိုးမပဲ့ဘဲလျက် ကျန်ရှိနေမည်ဆိုလျှင်၊ ၎င်းတို့သည် ခရစ်တော်၏အသက်ထံသို့ ပြဿနာဖြစ်လာလိမ့်မည်ဖြစ်သည် - ၂း၁၄-၁၅။ ၃း၁၂-၁၇။ ယု၊၁၉-၂၁။

II. ယုံကြည်သူများကို ကောင်းသောမျိုးစေ့အားဖြင့် ပုံဆောင်ထားပြီး၊ ကိုယ်တော်၏နိုင်ငံတော်၌ ကြီးထွားရန် သခင်ဘုရားအားဖြင့် မျိုးကြဲထားသည့် နိုင်ငံတော်သားများ ဖြစ်ကြသည် - မ၊၁၃း၂၄၊ ၃၈။

A. မျိုးစေ့သည် ဘုရားသခင်၏နှုတ်ကပတ်တော် (အငယ်၊၄၊ ၁၉။ လု၊၈း၁၁)၊ ခရစ်တော်ကိုယ်တော်တိုင် (၁ပေ၊၁း၂၃) ဖြစ်ပြီး၊ ကျွန်ုပ်တို့ကို ကောင်းသောမျိုးစေ့၊ ရှင်ပြန်ထမြောက်ခြင်း၏ သားများ (မ၊၁၃း၃၈။ လု၊၂၀း၃၆-၃၈) ဖြစ်စေရန် ကျွန်ုပ်တို့ အထဲသို့ မျိုးကြဲထားသည်။

B. ကျုံ့စပါးမျိုးစေ့အဖြစ် ဘုရားသခင်၏နှုတ်ကပတ်တော်သည် ကျွန်ုပ်တို့ကို ကျွေးမွေးမစရန် အသက်အဖြစ် ဘုရားသခင်ကို ကျွန်ုပ်တို့အထဲသို့ ဝင်ဖြန့်ဖြူးပေးသည်။ ထို့အပြင် မီးအဖြစ် နှုတ်ကပတ်တော်သည် ကျွန်ုပ်တို့နှင့် ကျွန်ုပ်တို့ စိတ်ချအားကိုးမှုရှိနေသော အရာများစွာတို့ကို လောင်ကျွမ်းသွားစေကာ၊ တူအဖြစ် နှုတ်ကပတ်တော်သည် ကျွန်ုပ်တို့၏အတ္တ၊ ကျွန်ုပ်တို့၏ဇာတိအသက်၊ ကျွန်ုပ်တို့၏အသွေးအသား၊ ကျွန်ုပ်တို့၏တပ်မက်မှုများနှင့် ကျွန်ုပ်တို့၏ ခံယူချက်များကို ထုချေခွဲဖျက်ပေးသည် - ယော၂၃း၂၈-၂၉။

C. ကောင်းသောမျိုးစေ့အဖြစ် ကျွန်ုပ်တို့သည် မြေထဲသို့ ကျ၍ အသေခံကာ၊ ရှင်ပြန်ထမြောက်ခြင်း၌ အသီးများစွာ သီးရန် သခင်ဘုရားနောက်သို့ လိုက်ကြရမည်။ အသေခံခြင်းနှင့် ကားတိုင်ကို တွေ့ကြုံခံစားခြင်းမှာ ကျွန်ုပ်တို့၏ စိတ်အသက်၊ ကျွန်ုပ်တို့၏ ဇာတိအသက်ကို ငြင်းပယ်ကာ၊ စွန့်လွှတ်၍၊ ဘုရားဆိုင်ရာအသက်အားဖြင့် အသက်ရှင်ရန်ပင် ဖြစ်သည် - ယော၊၁၂း၂၃-၂၆၊ ၃၁-၃၂။

D. ကောင်းသောမျိုးစေ့ကို မျိုးကြဲခြင်းမှာ မာတုရဖြစ်ခြင်း ဖြစ်သည်၊ အကြောင်းမှာ "သင်ကြဲသော မျိုးစေ့သည် မပျက်လျှင် မရှင်တတ်" (၁ကော၊၁၅း၃၆)။ ကျွန်ုပ်တို့သည် ရုပ်ပိုင်းဆိုင်ရာအရ၊ စိတ်ပိုင်းဆိုင်ရာအရ သို့မဟုတ် ဝိညာဉ်ပိုင်းဆိုင်ရာအရ မာတုရဖြစ်နိုင်ကြပေသည် (၂တိ၊၄း၆)။ မ၊၁၆း၂၅။ ၁ကော၊၁၆း၁၂။ ၂ကော၊၃း၁၂-၁၄)။

E. ခရစ်တော်၏ ချစ်ကြင်နာသော ချစ်ခြင်းမေတ္တာသည် ကျွန်ုပ်တို့အား ကိုယ်တော်ထံသို့ အသက်ရှင်ရန်နှင့် အသေခံရန်၊ ကိုယ်တော်အတွက် ကျွန်ုပ်တို့အား မာတုရများဖြစ်စေရန် အနိုင်အထက် သွေးဆောင်သည် - ၅း၁၄-၁၅။ ရော၊၈း၃၅-၃၇။ ၁၄း၇-၉။ ဗျာ၊၃း၁၀။ ၁၂း၁၁။

F. ကျွန်ုပ်တို့၏ပတ်ဝန်းကျင်၌ ယေရှု၏ သေခြင်းသို့ ထားရှိပေးခြင်းသည် ကျွန်ုပ်တို့၏ဇာတိလူကို သေစေရန်နှင့် ဘုရားဆိုင်ရာ အသက်ကို လွတ်မြောက်စေရန် ကိန်းဝပ်နေသော ဝိညာဉ်တော်နှင့်အတူ ပူးပေါင်းလုပ်ဆောင်သည် - ရော၊၈း၂၊ ၁၃။ ၂ကော၊ ၄း၁၀-၁၃။ ယော၊၄၈း၁၁။

G. သခင်ဘုရားထံသို့ ကျွန်ုပ်တို့အစေခံခြင်းအားလုံးသည် ကိုယ်တော်၏အသေခံခြင်းကို ကျွန်ုပ်တို့၌ ပြုပြင်လုပ်ဆောင်ခွင့်ပြုသည်နှင့်အမျှ ကျွန်ုပ်တို့ကိုယ်တိုင်မှမဟုတ်ဘဲ၊ ဘုရားသခင်ထံမှ မူလအစပြုရမည်၊ သို့မှသာ ကိုယ်တော်၏ရှင်ပြန်ထမြောက်ခြင်းအသက်သည် ကျွန်ုပ်တို့မှတစ်ဆင့် အခြားသူများအထဲသို့ ဖြည့်သွင်းပေးနိုင်မည်ဖြစ်သည် - ၂ကော၊၄း၁၂-၁၃။ ၁း၈-၉။ ၄း၅။ ၁၀း၁၃။

1. ဒါဝိဒ်သည် ဘုရားသခင်ကို ချစ်ခဲ့သည်၊ ဘုရားသခင်ကို ကြောက်ရွံ့ခဲ့သည်၊ ဘုရားသခင်ကို အလုပ်လုပ်ခွင့်ပြုရန်အလို့ငှာ ဘုရားသခင်နှင့်အတူ ပူးပေါင်းလုပ်ဆောင်ခဲ့သည်။ သူသည် ဘုရားသခင်၏ဗိမာန်တော်ကို တည်ဆောက်ရန် တတ်စွမ်းနိုင်ခြင်းရှိခဲ့သော်လည်း၊ ဘုရားသခင်၏စကားတော် သူ့ထံသို့ ရောက်လာသည့်အခါ သူသည် ရပ်တန့်ခဲ့သည် - ၂ရှမွေ၊၇း၁၈၊ ၂၅၊ ၂၇။ ည၁၆း၊ လု၊၁း၃၈။
2. ဒါဝိဒ်၏ရပ်တန့်ခြင်းက စကြဝဠာ၌ နှစ်ဆသော သက်သေခံချက်ကို တည်စေခဲ့သည်။ ပထမမှာ ဤစကြဝဠာရှိ အလုပ်အားလုံးသည် လူထံမှမဟုတ်ဘဲ၊ ဘုရားသခင်ထံမှလာခြင်း ဖြစ်သင့်သည်။ ဒုတိယမှာ အဓိကကျသောအရာသည် လူက ဘုရားသခင်အတွက် လုပ်ဆောင်ခြင်းမဟုတ်ဘဲ၊ ဘုရားသခင်က လူအတွက် လုပ်ဆောင်ခြင်းဖြစ်သည်။
3. ဗိမာန်တော်ကို တည်ဆောက်သူနှင့် ဗိမာန်တော်ကို တည်ဆောက်ရာနေရာ နှစ်ခုလုံးသည် ဒါဝိဒ်အား သူ၏အပြစ်များမှ ခွင့်လွှတ်ခံရခြင်းထဲမှ၊ ဒါဝိဒ်အတွက် ဘုရားသခင်လုပ်ဆောင်ပေးခြင်းထဲမှ ထွက်ပေါ်လာခြင်း ဖြစ်သည် - ၂ရှမွေ၊ ၁၂း၂၄-၂၅။ ၂၄း၁-၁၀၊ ၁၈-၂၅။ ၁ရာ၊၂၁း၁၈။ ၂ရာ၊၃း၁။ ဆာ၊၅၁။

4. ညီအစ်မ အဲမ်အီးဘာဘာရ်က "ဘုရားသခင်အဖို့အလို့ငှာ လုပ်ဆောင်ခြင်းကို ရပ်တန့်နိုင်ခြင်းမရှိသော မည်သူမဆို ဘုရားသခင်အဖို့အလို့ငှာ လုပ်ဆောင်နိုင်မည်မဟုတ်ပါ"ဟု ပြောခဲ့သည်။

III. ယုံကြည်သူများသည် မြေကြီး၏ဆားများဖြစ်ကြပြီး၊ မြေကြီး၏ ယိုယွင်းဖောက်ပြန်ခြင်းနှင့် ပုပ်သိုးခြင်း ပိုးမွှားများကို သေစေသော၊ သတ်ဖြတ်ပေးသောသူများ ဖြစ်ကြသည် - မ၊၅း၁၃။ ည၆း၊ ဝတ်၊၂း၁၃။

A. လောတ၏ဇနီးသည် ဆားတိုင်ဖြစ်သွား၍၊ သူမ၏ ငန်ခြင်းလုပ်ဆောင်ချက်ကို ဆုံးရှုံးရခြင်းမှာ သောဒုံမြို့သို့ သူမသည် နောက်ပြန်လှည့်ကာ ငေးမောကြည့်နေခြင်းကြောင့်ဖြစ်ပြီး၊ ယင်းမှာ သူမသည် ဘုရားသခင် ဖျက်ဆီးတော့မည့် ဆိုးညစ်သောလောကကို ချစ်ကာ၊ တန်ဖိုးထားနေကြောင်း ည၆း၂၆၊ ၂၄-၂၆။ လု၊၁၇း၃၂။

B. သခင်ဘုရားနောက်သို့ လိုက်လျှောက်ခြင်းအလုပ်ကို လုပ်ရန် ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၌ရှိသမျှအားလုံးနှင့် ကျွန်ုပ်တို့လုပ်နိုင်သမျှအားလုံးကို ပေးရမည်။ ထိုသို့မဟုတ်ပါက၊ ကျွန်ုပ်တို့သည် ကျရှုံးခြင်းရှိလာမည်ဖြစ်ပြီး၊ အငန်ကင်းပျောက်သော ဆား

ဖြစ်လာကာ၊ ဘုန်းထင်ရှားသော နယ်ပယ်မှ အရှက်ရဖွယ် အဝန်းအဝိုင်းအထဲသို့ ပစ်ချခံရမည်ဖြစ်သည် - ၁၄း၃၁-၃၅။ ညွှန်း၊ ဗျာ၊၃း၂၁။ ယော၊၁၆း၃၃။

C. ကျွန်ုပ်တို့သည် စိတ်ပျက်သွားခြင်း သို့မဟုတ် စိတ်အားလျော့ခြင်း မရှိသင့်ဘဲ၊ အရာအားလုံးလုံလောက်သော ကျေးဇူးတော်အဖြစ် အဆင့်ဆင့်ဖြတ်ကျော်ကာ ပြီးမြောက်ပြည့်စုံသော သုံးပါးတစ်ပါးဘုရားအားဖြင့် ဘုရားဆိုင်ရာစီမံကိန်းကို ရှင်ထွက်ရန် ခွန်အားသန်စွမ်းခြင်းနှင့် တတ်စွမ်းနိုင်ခြင်း ရှိသင့်ပါသည် - ၁ကော၊၁၅း၁၀။ ၂ကော၊၁၂း၉။ ၂တိ၊၄း၂၂။ ကော၊၄း၆။

IV. ယုံကြည်သူများသည် လောက၏အလင်းဖြစ်ပြီး၊ လောက၏မှောင်မိုက်ကို ဖြိုခွင်းရန် လူတို့ရှေ့တွင် မိမိတို့အလင်းကို ထွန်းလင်းခွင့်ပြုသူများဖြစ်ကြသည် - မ၊၅း၁၄-၁၆။ ဧ၊၅း၈။

A. အလင်းသည် ဘုရားသခင်၏ မျက်မှောက်တော်ဖြစ်သည်။ ကျွန်ုပ်တို့သည် ဘုရားသခင်၏မွေးဖွားခြင်း ခံရကြပြီဖြစ်သောကြောင့် ကျွန်ုပ်တို့ ယခု သခင်ဘုရား၌ အလင်းဖြစ်ကြကာ၊ အလင်း၏သားများအဖြစ် လျှောက်လှမ်းရကြမည်ဖြစ်သည် - ၁ယော၊၁း၅။ ဧ၊၅း၈-၉။

B. စိတ်စွဲလမ်းမှု၊ မိမိကိုယ်ကိုလှည့်စားမှုမှ ကယ်တင်ခံရရန် နည်းလမ်းမှာ အလင်း၌ အသက်ရှင်ရန်၊ ဘုရားသခင်၏ ထွန်းလင်းခြင်းထံ ဖွင့်ပေးရန်၊ မိမိကိုယ်ပိုင်အလင်းကို မထုတ်လုပ်ရန် ဖြစ်သည် - ဆာ၊၃၆း၈-၉။ ၈း၁၇-၁၉။ ၁၃၉း၂၃-၂၄။ ၁ယော၊ ၁း၅၊ ၇၊ ၉။ ဟေရှာ၊၂း၅။ ၅၀း၁၀-၁၁။

1. စွဲလမ်းမှုရှိနေသောပုဂ္ဂိုလ်တစ်ဦး၏ လက္ခဏာမှာ သူစဉ်းစားသော၊ သူပြုသောအရာသည် လုံးလုံး မှားယွင်းနေသော်လည်း၊ သူသည် လုံးဝ မှန်ကန်သည်ဟု စဉ်းစားခြင်း၊ ယုံကြည်နေခြင်းပင် ဖြစ်သည် - မ၊၆း၂၂-၂၃။ ဟေရှာ၊၅၂၀။
2. အပြစ်ပြုမိခြင်းမှာ ညစ်ညူးခြင်း၏အကြောင်းအရာဖြစ်သည်။ အပြစ်ပြုသော်လည်း မိမိအပြစ်မပြုမိကြောင်း၊ မိမိမှန်ကြောင်း ယုံကြည်နေမည်ဆိုလျှင် ၎င်းသည် မှောင်မိုက်ဖြစ်ခြင်း၏ အကြောင်းအရာဖြစ်သည် - ၁ယော၊၁း၈၊ ၁၀။
3. စွဲလမ်းခြင်း၊ မိမိကိုယ်ကိုလှည့်စားခြင်း၏ အကြောင်းရင်းများမှာ အလင်းထက် မှောင်မိုက်ခြင်းကို ပို၍ချစ်ခြင်း (ယော၊ ၃း၁၉-၂၀)၊ မာန်မာန (ဩဗဒိ၊၃)၊ သမ္မာတရားကို ချစ်ခြင်းအား လက်ခံရရှိမှုမရှိခြင်း (၂သက်၊၂း၁၀-၁၁။ သု၂၃း၃) နှင့် တစ်ပါးတည်းသော ဘုရားသခင်ထံမှလာသော ဘုန်းတော်ကို ရှာဖွေမှုမရှိခြင်းတို့ပင် (ယော၊၅း၄၄) ဖြစ်သည်။

C. အသက်သည် အလင်း၏ထွန်းလင်းခြင်း၊ ဘုရားသခင့်နှုတ်ကပတ်တော်ရှိ အလင်းမှ လာပြီး၊ အလင်းသည် အသက်၏အတွင်းပိုင်း အာရုံခံစားမှုဖြစ်သည် - ၂ကော၊၄း၆။ ဆာ၊၁၁၉း၁၀၅၊ ၁၃၀။ ဟေရှာ၊၆၆း၂။ ယော၊၈း၁၂။ ရော၊၈း၆၊ ၁၄။

D. "ကိုယ်ခန္ဓာ၏ ဆီမီးကား သင်၏မျက်စိတည်း။ ထို့ကြောင့် သင်၏မျက်စိသည် ကြည်လင်သောအခါ တစ်ကိုယ်လုံး အလင်းနှင့် ပြည့်လိမ့်မည်။ မျက်စိမြေးယှက်သောအခါ တစ်ကိုယ်လုံး မိုက်လိမ့်မည်။ သင်၌ရှိသော အလင်းကို မှောင်မိုက် မဖြစ်စေခြင်းငှာ သတိပြုလော့။ သင်၏ကိုယ်ခန္ဓာတစ်ကိုယ်လုံးသည် မှောင်မိုက်မရှိဘဲ အလင်းနှင့်ပြည့်နေလျှင် ဆီမီး၏ အရောင်သည် သင့်အပေါ် ထွန်းလင်းသကဲ့သို့ လုံးလုံးလင်းလျက် ရှိလိမ့်မည်" - လု၊၁၁း၃၄-၃၆။

V. ယုံကြည်သူများသည် လူကိုမျှားသောတံငါသည်များ ဖြစ်ကြသည် - မ၊၄း၁၆-၂၀။

A. လူကိုမျှားသောတံငါသည်မှာ လူတို့ကို လူတို့ကို သေခြင်းရေများနှင့်အတူ ပင်လယ်အားဖြင့် ပုံဆောင်ထားသည့် လောကမှ ကောင်းကင်များ၏ နိုင်ငံတော်အထဲသို့ ခေါ်ထုတ်ခြင်း ဖြစ်သည် - လု၊၅း၁၀။

B. အခြားသူများကို လောကထဲမှ ခေါ်ထုတ်၍ ကောင်းကင်များ၏နိုင်ငံတော်အထဲသို့ ခေါ်ဆောင်လာခြင်း နည်းလမ်းမှာ နိုင်ငံတော်ဧဝံဂေလိတရား၊ ဘုရားသခင်၏ ပြည့်စုံသော ကယ်တင်ခြင်း ဧဝံဂေလိတရားကို နေထိုင်ရာမြေကြီးတစ်ပြင်လုံးသို့ ဟောပြောခြင်းအားဖြင့် ဖြစ်သည် - မ၂၄း၁၄။ လု၊၄း၁၈-၁၉။ ဧ၃း၈-၉။

© 2026 Living Stream Ministry